# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး
# နဝမနေ့မှတ်တမ်း

## ၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်
## (၂၀၁၂ ခုနှစ်၊ မတ်လ ၆ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို နေ့လယ် ၁၃း၂၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်ဦး၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။ ]

**အချိန်၊ ၁၃း၂၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ နဝမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၉၄ ဦးရှိတဲ့အနက် ၃၅၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၉.၈၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေး အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခုအစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ ၆-၃-၂၀၁၂ ရက်နေ့တွင် အစည်းအဝေး မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသော လွှတ်တော်ကိုယ်စားလှယ်များရဲ့စာရင်းကို လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ကျွန်တော်ဦးအေးမြင့်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၂၇ ဦးရှိပြီး အောက်ပါအတိုင်းဖြစ်ပါတယ်-

(၁) တာမွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်းဆွေ သည် သမီး နေမကောင်းပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၂) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း သည် နေမကောင်းပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၃) လသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့် သည် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံတွင် ကျန်းမာရေးစစ်ဆေးနေရပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၄) သန်လျင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ဦး သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၅) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင် သည် နေမကောင်းပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့မှ အစည်းအဝေး ပြီးဆုံးသည်အထိလည်းကောင်း၊

(၆) ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၇) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကို သည် ကျန်းမာရေးမကောင်းပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့မှ အစည်းအဝေး ပြီးဆုံးသည်အထိလည်းကောင်း၊

(၈) မြစ်သားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မောင် သည် ကျန်းမာရေးမကောင်းပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၉) တန့်ဆည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့် သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၁၀) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင် သည် မိသားစုကျန်းမာရေးမကောင်းပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၁၁) ရေနံချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဝင်းမော်ထွန်း သည် သာသနာ့ဘွဲ့တံဆိပ်ယူရန်အတွက် ၆-၃-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ် လည်းကောင်း၊

(၁၂) ကျိုက်လတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း သည် ကျန်းမာရေးမကောင်းပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့မှ ၉-၃-၂၀၁၂ ရက်နေ့အထိ ခွင့် ၄ ရက်အဖြစ်လည်းကောင်း၊

(၁၃) ဖျာပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင် သည် မိခင်ကျန်းမာရေး မကောင်းပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့မှ ၉-၃-၂၀၁၂ ရက်နေ့ထိ ခွင့် ၄ ရက်အဖြစ် လည်းကောင်း၊

(၁၄) ရေကြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင်သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့မှ ၉-၃-၂၀၁၂ ရက်နေ့ အထိ ခွင့် ၄ ရက်အဖြစ်လည်းကောင်း၊

(၁၅) ဘုးသီးတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင် သည် နေမကောင်းပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၁၆) ကျောက်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် သည် ၆-၃-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၁၇) ကျောက်မဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနယ်လ်ဆင်(ခ) ဦးဆောင်ဆီသည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၁၈) ကွမ်းလုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟော်ရှောက်ချမ်း သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့မှ အစည်းအဝေးပြီးဆုံး သည်အထိလည်းကောင်း၊

(၁၉) တောင်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစံလင်း သည် ကိုယ်တိုင် ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ် လည်းကောင်း၊

(၂၀) နောင်ချိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့် သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၂၁) ပင်းတယမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကြည် သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၂၂) မိုင်းပြင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန် သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့မှ အစည်းအဝေးပြီးဆုံးသည်အထိလည်းကောင်း၊

(၂၃) လားရှိုးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြင့်အေး သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့မှ အစည်းအဝေးပြီးဆုံးသည်အထိလည်းကောင်း၊

(၂၄) သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင် သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့မှ အစည်းအဝေးပြီးဆုံးသည်အထိလည်းကောင်း၊

(၂၅) ဟိုပုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သိန်းဖေ သည် ပအိုဝ်းအမျိုးသားနေ့တက်ရောက်ရန်အတွက် ၆-၃-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၂၆) မောင်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ကိရ်အာမတ် သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့မှ ၈-၃-၂၀၁၂ ရက်နေ့ထိ ခွင့် ၃ ရက်အဖြစ်လည်းကောင်း၊

(၂၇) ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့် သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း ခွင့်အဖြစ်သတ်မှတ်ပေးပါရန် တင်ပြလာပါသည်။

အထက်ပါကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များကို ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ** ။ ။ ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၄ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ရခိုင်ပြည်နယ်၊ မင်းပြားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်သာ ကွယ်လွန်အနိစ္စရောက်ခြင်းအတွက် လွှတ်တော်ကဝမ်းနည်းကြောင်းမှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်၊ မင်းပြားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်သာသည် ၁-၃-၂၀၁၂ ရက်နေ့တွင် ကွယ်လွန်အနိစ္စ ရောက်ခဲ့တဲ့အတွက် အထူးဝမ်းနည်းစိတ်မကောင်းဖြစ်ကြရပါတယ်။ ဦးအောင်စိန်သာသည် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်အဖြစ်လည်းကောင်း တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သူ တစ်ဦးဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မင်းပြားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်သာ ကွယ်လွန်အနိစ္စရောက်ခြင်းအတွက် လွှတ်တော်ကဝမ်းနည်းကြောင်း မှတ်တမ်းတင် ထားပါတယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှစ၍ လွှတ်တော် ကိုယ်စားလှယ်တစ်ဦး ကွယ်လွန်အနိစ္စရောက်ခဲ့ပါက လွှတ်တော်ကိုယ်စားလှယ်များ၏ တစ်ရက်စာ နေ့တွက်စရိတ်ကိုကျန်ရစ်သူ မိသားစုများအတွက် စုပေါင်းထောက်ပံ့ကူညီရန် သဘောတူခဲ့ကြ ပါတယ်။ ယခု မင်းပြားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်သာ ကွယ်လွန်

ခဲ့တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များရဲ့ တစ်ရက်စာနေ့တွက်စရိတ်အပါအဝင် ငွေကျပ်သိန်း ၄၀ ကို ပြည်သူ့လွှတ်တော်မှတစ်ဆင့် ကျန်ရစ်သူမိသားစုများထံသို့ ပေးပို့ခဲ့ပြီးဖြစ်ကြောင်းတင်ပြပါတယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော လူမှုဖူလုံရေးဥပဒေကြမ်းကိုလက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်းနှင့် ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၇ အရ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်း၍ အတည်ပြုပြီးသော လူမှုဖူလုံရေးဥပဒေကြမ်းကို လွှတ်တော်က ၁-၃-၂၀၁၂ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ယင်း ဥပဒေကြမ်း၏ မိတ္တူကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီထံ စိစစ်နိုင်ရန်နှင့် ကိုယ်စားလှယ်များထံ လေ့လာနိုင်ရန် ဖြန့်ဝေထားပါတယ်။ ဥပဒေကြမ်းကော်မတီအနေနဲ့ ဥပဒေကြမ်းကိုစိစစ်ပြီး ကော်မတီ၏အစီရင်ခံစာနှင့်အတူ လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် တင်သွင်းရမှာဖြစ်ပါတယ်။ ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်း အရာ၊ အချက်အလက်တိကျစွာဖော်ပြ၍ ၈-၃-၂၀၁၂ ရက် (ကြာသပတေးနေ့) ၁၃း၀၀ နာရီအချိန်နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးကြရန် ဖြစ်ကြောင်း အသိပေး ကြေညာပါတယ်။

## အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေကြမ်းကို စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးအပ်သူကတင်သွင်းခြင်း

ဥက္ကဋ္ဌ ။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ(က)အရ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေကြမ်းကို တင်သွင်းရန်ဖြစ် ပါတယ်။ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအား ဥပဒေကြမ်းတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ဦး(အတွင်းရေးမှူး၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)** ။

။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြား၍ ကြွရောက်ကြကုန်သောဧည့်သည်များအားလုံးကျန်းမာ၊ ချမ်းသာကြပါစေလို့ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော် မုံရွာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူးအနေနဲ့ ကော်မတီရဲ့ကိုယ်စား ကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအား ပြဋ္ဌာန်းနိုင်ရန်အဆို တင်သွင်း သွားမှာဖြစ်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံလွတ်လပ်ရေးမရမီက အင်္ဂလိပ်ဘာသာဖြင့်ပြဋ္ဌာန်းခဲ့သော The Essential Supplies and Service Act, 1947 ဥပဒေ ရှိခဲ့ပါတယ်။ အဲ့ဒီဥပဒေဟာ မြန်မာကုတ်အတွဲ ၂ စာမျက်နှာ ၂၃၆ တွင်ပါရှိပါတယ်။ ၁၉၅၇ ခုနှစ်မှာ ဥပဒေအမှတ် ၁၀/၁၉၅၇ ဖြင့် တစ်ကြိမ်ပြင်ဆင်ခဲ့ပါတယ်။ ယင်းမှာ ပုဒ်မ ၆ တွင် ကျွဲ၊ နွားများကို သတ်ဖြတ်ခြင်းဟူသော စကားရပ်အစား ကျွဲ၊ နွားများကို အသုံးပြုခြင်း၊ သိုလှောင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ရောင်းချခြင်း၊ ထုခွဲခြင်း သို့မဟုတ် သတ်ဖြတ်ခြင်း ဟူသောစကားရပ်ဖြင့် အစားထိုးခဲ့ခြင်းဖြစ်ပါတယ်။ ၁၉၆၅ ခုနှစ်မှာ ဥပဒေအမှတ် ၃/၁၉၆၅ ဖြင့် ဒုတိယအကြိမ် ထပ်မံပြင်ဆင်ခဲ့ပါတယ်။ ပုဒ်မ ၈ ပုဒ်မခွဲ ၄ ၏ နောက်မှာ ပုဒ်မခွဲ ၅ ကို ဖြည့်စွက်ခဲ့ခြင်းဖြစ်ပါတယ်။ ပုဒ်မခွဲ ၁ အရ ပြစ်ဒဏ်ကျခံရလျှင် ကော်မတီက အမှုနှင့်သက်ဆိုင်သော ပစ္စည်းများကို ဘဏ္ဍာတော်အဖြစ် သိမ်းဆည်းခွင့်ဖြစ်ပါတယ်။ နိုင်ငံတော်အတွက် အရေးကြီးလိုအပ်သော ပစ္စည်းများကို ဝန်ဆောင်မှုများနှင့် သက်ဆိုင်သော ဆောင်ရွက်ချက်များကို အရေးကြီးသော အချိန်အခါ အခြေအနေများမှာ နိုင်ငံတော်အစိုးရက ထိန်းသိမ်းပေးရန် ပြဋ္ဌာန်းခြင်းဖြစ်ပါတယ်။ အဆိုပါ အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုကိစ္စများကို ခေတ်နှင့်အညီထိန်းသိမ်းဆောင်ရွက်နိုင်ရန် ဥပဒေသစ်ရေးဆွဲပြဋ္ဌာန်းပြီး တည်ဆဲဖြစ်သော အင်္ဂလိပ်ခေတ်ကဥပဒေကို ရုပ်သိမ်းရန်အတွက် လိုအပ်လျက်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအသစ် ပြဋ္ဌာန်းရန်အဆိုတင်သွင်းသော ဥပဒေဟာ နိုင်ငံတော်အတွက် အရေးကြီးသော အခြေအနေပေါ်ပေါက်သည့် အခါများတွင် အသုံးပြုလေ့ရှိတဲ့ဥပဒေဖြစ်ပါတယ်။ ဥပမာအားဖြင့် ဆန်စပါးရှားပါးသည့်အချိန်အခါများမှာ ဆန်စပါးရောင်းဝယ်မှုကို ကန့်သတ်ခြင်း၊ ကျွဲ၊ နွားများ နိုင်ငံခြားသို့ ခိုးထုတ်ခြင်းမှတားမြစ်ခြင်း စသည့်အခြေအနေများလည်းဖြစ်ပါတယ်။ ယနေ့ခေတ်ကာလမှာ ယခင်က သတ်မှတ်ထားရှိသော ပစ္စည်းအမျိုးအမည်များနှင့် ဝန်ဆောင်မှုအမျိုးအမည်များသာမက အမျိုးအမည်အသစ်များလည်း

ပေါ်ပေါက်လာပါတယ်။ ဥပမာအားဖြင့် ရှားပါးမျိုးစိတ်ဝင် တိရစ္ဆာန်များနှင့်အပင်များကိုတင်ပို့သည့် ကိစ္စ၊ သယံဇာတပစ္စည်းတင်ပို့သည့်ကိစ္စများ၊ ပြည်တွင်း၌ အန္တရာယ်ရှိနိုင်သည့် မျိုးစေ့နှင့်တိရစ္ဆာန်များ တင်သွင်းမှုများဖြစ်ကြပြီး ၎င်းတို့ကိုထိန်းချုပ်ရန်လိုအပ်ပါတယ်။ အလားတူပဲ ဝန်ဆောင်မှုကဏ္ဍမှာ လည်း လေယာဉ်စီးလုံးငှားရမ်းခြင်းကိစ္စများသာမက တိုးတက်လာတဲ့ IT နည်းပညာကိစ္စများလည်း အရေးကြီးဝန်ဆောင်မှုအဖြစ်ပေါ်ပေါက်လျက်ရှိပါတယ်။ အဲ့ဒီလို အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု များအပေါ်လိုအပ်သလို ထိန်းချုပ်ကန့်သတ်နိုင်ရန်အတွက် The Essential Supplies and Service Act, 1947 ကို ရုပ်သိမ်းပြီး အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေကြမ်းအား ပြည်သူ့လွှတ်တော် တွင်စတင်ဆွေးနွေးပြီး အတည်ပြုပြဋ္ဌာန်းနိုင်ပါရန် စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက် ရေးကော်မတီကိုယ်စား လွှတ်တော်သို့ လေးစားစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးအပ်သူက ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ(ခ)အရ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းရန် ဖိတ်ခေါ် ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါ တယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြသန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ အစီရင်ခံစာအား လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်-

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ကုန်သွယ် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ တင်သွင်းခဲ့သည့် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်က ပြည်သူ့လွှတ်တော်မှ စတင်ဆွေးနွေးဆောင်ရွက်ရန်

ရည်ညွှန်းချက် (၁) ပါစာဖြင့်ပေးပို့ခဲ့ပြီး ပြည်သူ့လွှတ်တော်မှ ရည်ညွှန်းချက် (၂) ပါစာဖြင့် ဥပဒေကြမ်းကော်မတီမှ စိစစ်ဆောင်ရွက်ရန် ပေးပို့ခဲ့သည့် ဥပဒေကြမ်းဖြစ်ပါသည်။

၂။ ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းကို စိစစ်ဆောင်ရွက်နိုင်ရန် ၁၂-၂-၂၀၁၂ ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှကော်မတီဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် ၂၈-၂-၂၀၁၂ ရက်နေ့တွင် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် ထပ်မံတွေ့ဆုံပြီး ညှိနှိုင်းခြင်း၊ ဆွေးနွေးခြင်း၊ အကြံပြုခြင်းနှင့် စိစစ်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

၃။ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေကြမ်းတွင် အခန်းပေါင်း ၅ ခန်း၊ ပုဒ်မပေါင်း ၉ ခုပါရှိပါသည်။ အထက်အပိုဒ် ၂ ပါ သက်ဆိုင်ရာဝန်ကြီးဌာန၊ ကော်မတီ၊ ကော်မရှင်များနှင့် ညှိနှိုင်းဆွေးနွေးချက်များအရ စိစစ်တွေ့ရှိချက်များကို အောက်ပါအတိုင်း အစီရင်ခံတင်ပြအပ်ပါသည်-

(က) အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်ခေါင်းစဉ်အောက်ရှိ ပုဒ်မ ၁ ဤဥပဒေကို အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေဟု ခေါ်တွင်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်။ အရေးကြီးကုန်စည်ဟူသော စကားရပ်အစား ''အရေးကြီးပစ္စည်း'' ဟုပြင်ဆင်ထားပါသည်။ ထိုစကားရပ်ကို ပြင်ဆင်အစားထိုးခြင်းမှာ နောင်ဖြစ်ပေါ်လာမယ့် အာဆီယံနိုင်ငံများဆိုင်ရာ ကန့်သတ်ကုန်စည်များနှင့် ရှုပ်ထွေးမှုများ မရှိစေရန်သော်လည်းကောင်း၊ မိမိတို့နိုင်ငံအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားတို့ အကျိုးစီးပွားအလို့ငှာ အရေးကြီးသော အချိန်အခါနှင့် အခြေအနေများတွင် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် အရေးကြီး ပစ္စည်း သို့မဟုတ် အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်နိုင်ရန်လည်းကောင်း ပြင်ဆင်ခြင်းဖြစ်ပါသည်။

(ခ) ပုဒ်မ ၂ ပုဒ်မခွဲ(က)တွင် နိုင်ငံတော်ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားမှုမှာ ဤဥပဒေကြမ်းနှင့် မလိုအပ်သည့်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ဆိုသည်မှာပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ကို ဆိုသည်ဟု အစားထိုးထားပါသည်။ ဤဥပဒေကြမ်းသည် ယေဘုယျအားဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုနှင့် စပ်ဆိုင်သည်ဟုဆိုရသော်လည်း

လက်တွေ့အကောင်အထည်ဖော်ရာ၌မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနစသည့် အခြား ဝန်ကြီးဌာနများနှင့်လည်း ဆက်စပ်လျက်ရှိကြောင်းတွေ့ရှိရပါသည်။ ပြည်ထောင်စုအစိုးရ အဖွဲ့က လိုအပ်လျှင် မည်သည့်ဝန်ကြီးဌာနတစ်ခုခုကိုမဆို တာဝန်ပေးအပ်နိုင်ရန် လိုအပ် သဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ကို အဓိပ္ပာယ်ဖွင့်ဆိုထားရှိရန် လိုအပ်သဖြင့် နိုင်ငံတော် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပယ်ဖျက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ဟူသော အဓိပ္ပာယ်ဖွင့်ဆို ချက်ဖြင့် အစားထိုးပြင်ဆင်ထားခြင်းဖြစ်ပါသည်။

(ဂ) ပုဒ်မ၂ ပုဒ်မခွဲ(ခ) မူလအဆိုပြုပြဋ္ဌာန်းချက်တွင် အရေးကြီးကုန်စည်နှင့် ပုဒ်မ ၂ ပုဒ်မခွဲ (ဂ)တွင် ကန့်သတ်တိရစ္ဆာန်တို့ကို သီးခြားအဓိပ္ပာယ်ဖွင့်ဆိုထားရာ ဥပဒေကြမ်း၏ ရည်ရွယ်ချက်နှင့် ကိုက်ညီစေရန်လည်းကောင်း၊ ဥပဒေရေးထုံးနှင့် ကျစ်လစ်ခိုင်မာမှု ရှိစေရန်လည်းကောင်း၊ အရေးကြီးပစ္စည်း အဓိပ္ပာယ်ဖွင့်ဆိုချက်၌ ကန့်သတ်တိရစ္ဆာန်များ ပါ အကျုံးဝင်စေရန် ပြင်ဆင်ထားပါသည်။

(ဃ) အခန်း(၁)၊ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များတွင် ပြင်ဆင်ချက်များဖြင့် ပြင်ဆင်ခဲ့ သည့် စကားရပ်များနှင့်ညီညွတ်စေရန် လိုအပ်သောပုဒ်မများတွင် ပြင်ဆင်ခဲ့ပါသည်။ လက်တွေ့အကောင်အထည်ဖော်ရာ၌ လေးနက်မှုရှိစေရန် ဤဥပဒေပါပြစ်မှုကို ရဲအရေး ယူပိုင်ခွင့်ရှိသော ပြစ်မှုဖြင့်သတ်မှတ်ရန်လည်းကောင်း၊ မူရင်းဥပဒေဖြစ်သည့် The Essential Supplies and Services Act, 1947 ကို ဤဥပဒေဖြင့် ရုပ်သိမ်းသည့် အချိန်တွင် လုပ်ငန်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်နိုင်စေရေးအတွက် ယခင် ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့်မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်ရန် လည်းကောင်း ပုဒ်မအသစ်နှစ်ခုဖြင့် ဖြည့်စွက်ထားရှိပါသည်။ ပြင်ဆင်ချက်အား အသေးစိတ်သိရှိနိုင်ပါရန် ပူးတွဲပါ အခြေပြဇယားဖြင့် အစီရင်ခံတင်ပြအပ်ပါသည်။

၄။ ဥပဒေကြမ်းကော်မတီသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေကြမ်းအား ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ နှင့်အညီစိစစ်ခဲ့ပြီး နည်းဥပဒေ ၄၅ နှင့်အညီ လွှတ်တော်၌ အတည်ပြုဆုံးဖြတ်နိုင်ရေးအတွက် အစီရင်ခံတင်ပြအပ်ပါသည်။(သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၆ အရ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာပါမယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၆၊ ၁၅၇ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၈-၃-၂၀၁၂ ရက် (ကြာသပတေးနေ့) ၁၃း၀၀ အချိန်နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံအမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာပါတယ်။

## မသန်မစွမ်းဖြစ်သွားသောတပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေကြမ်းကို ကာကွယ်ရေးဝန်ကြီးဌာနကတင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ (က) အရ ကာကွယ်ရေးဝန်ကြီးဌာနက မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးလှမင်း(ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေနဲ့ စစ်ဆင်ရေးမှာတိုင်းပြည်တာဝန်ကိုထမ်းဆောင်ရင်းနဲ့ ထိခိုက်ဒဏ်ရာရရှိသွားတဲ့၊ မစွမ်းမသန်ဖြစ်သွားတဲ့စစ်သည်များနဲ့ စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရင်း ကျဆုံး၊ သေဆုံးသွားကြတဲ့ စစ်သည်များရဲ့ကျန်ရစ်တဲ့ ဇနီး သို့မဟုတ် သားသမီး၊ မိသားစုဝင်များနှင့်ပတ်သက်ပြီး တော့မှ ထောက်ပံ့နိုင်ဖို့အတွက် ထောက်ပံ့ရေးဥပဒေနှင့်ပတ်သက်ပြီး လွှတ်တော်မှာ ဆွေးနွေး

အတည်ပြုပေးနိုင်ဖို့ တင်ပြလိုပါတယ်။ အထက်ပါကိစ္စနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကာကွယ်ရေးဝန်ကြီးဌာနကနေပြီးတော့ မသန်မစွမ်းဖြစ်သွားတဲ့ တပ်မတော်သားများနှင့် သေဆုံး သို့မဟုတ် ကျဆုံးသော တပ်မတော်သားများရဲ့ မိသားစုများကို ထောက်ပံ့စောင့်ရှောက်နိုင်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး အတည်ပြုပြဋ္ဌာန်းပေးနိုင်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စား ကျွန်တော် ကာကွယ်ရေးဝန်ကြီးအနေနဲ့ လွှတ်တော်သို့တင်သွင်းပါ ကြောင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

## မသန်မစွမ်းဖြစ်သွားသောတပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူကဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ (ခ) အရ မသန်မစွမ်းဖြစ်သွားသော တပ်မတော် သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏မိသားစုများအား ထောက်ပံ့ စောင့်ရှောက်နိုင်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ် တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်း ကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း လေးစားစွာဖြင့် ဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရွှေဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများ အား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေကြမ်းအား ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိချက် အစီရင်ခံစာကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါ တယ်-

၁။ ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများ နှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့

စောင့်ရှောက်ရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် အထက် ရည်ညွှန်း(၁)ပါစာဖြင့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသို့ ပေးပို့လာပါသည်။

၂။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၁ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေ ၄၄ နှင့် ၄၅ တို့နှင့် အညီ ယင်းဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီသည် အထက် ရည်ညွှန်း(၂)ပါစာဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးထံသို့ ဖြန့်ဝေခဲ့ပါသည်။

၃။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၄ တွင် မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့် ရှောက်ရေးတို့အတွက်ဥပဒေပြဋ္ဌာန်းရမည်ဟု ဖော်ပြထားချက်အရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဥပဒေပြန်လည်စိစစ်ရေးအဖွဲ့မှ မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေး ဥပဒေကြမ်းကို ရေးဆွဲရကြောင်း တွေ့ရှိရပါသည်။

၄။ တိုင်းပြည်အတွက် တပ်မတော်အတွက် ကိုယ်ကျိုးမငဲ့ဘဲ စွန့်လွှတ်စွန့်စား တာဝန်ထမ်း ဆောင်ရင်း မသန်မစွမ်းဖြစ်သွားသော သို့မဟုတ် ကျဆုံးသွားသော တပ်မတော်သားများရဲ့ မိသားစု များအား ဘဝရပ်တည်နိုင်ရန်အတွက် ထောက်ပံ့ပေးမှုများပြုလုပ်ရာတွင် ဥပဒေတစ်ရပ် အနေဖြင့် ခိုင်ခိုင်မာမာတည်ရှိနိုင်ရန် ရည်ရွယ်ကြောင်း တွေ့ရှိရပါသည်။

၅။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ရောက်ရှိလာသော ဥပဒေကြမ်းအား ၂၂-၂-၂၀၁၂ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီ၏ စိစစ်ရမည့်အချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ခဲ့ကြပါသည်။ ထို့နောက် ၂၅-၂-၂၀၁၂ ရက်နေ့တွင် သက်ဆိုင်ရာကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ တာဝန်ရှိသူများနှင့် ဥပဒေကြမ်းကော်မတီတို့သည် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲတစ်ပိုဒ်ချင်းစီ အလိုက် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ကြပါသည်။

၆။ ဤဥပဒေကြမ်းတွင် အခန်း ၅ ခန်း၊ အပိုဒ် ၉ ပိုဒ်ပါရှိပြီး ညှိနှိုင်းစိစစ်ချက်များအရတွေ့ရှိရသော အချက်များကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်-

(က) မူလဥပဒေကြမ်း၏ ပထမအပိုဒ်ကို အတည်ပြုပြဋ္ဌာန်းခဲ့သည့် ဥပဒေများနှင့် ညီညွတ် စေရန် ''နိဒါန်း''ဟု ဖြည့်စွက်ခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ

အခြေခံဥပဒေပုဒ်မ ၃၄၄ နှင့်အညီ ဟူသောစကားရပ်ကို ပြဋ္ဌာန်းခဲ့သည့် ဥပဒေများတွင် အခြေခံဥပဒေပါ ပုဒ်မများ မလိုအပ်ဘဲ ဖော်ပြခြင်းမရှိသည့်အတွက် ချန်လှပ်ခဲ့ပါသည်။

(ခ) မူလဥပဒေကြမ်း၏ အပိုဒ် ၂ အပိုဒ်ခွဲ(က)တွင် ပါရှိသည့် တန်းပြည့်စစ်မှုထမ်းချိန်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို မူလ ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေတွင် ဖွင့်ဆိုခဲ့သည့်အတိုင်းဖော်ပြရန်နှင့် ဥပဒေကြမ်း၏ အမည်နှင့် လိုက်လျောညီထွေရှိမည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အစီအစဉ်အလိုက်ဖော်ပြရန် သဘောတူညီခဲ့ကြပါသည်။

(ဂ) မူလဥပဒေကြမ်း၏ အပိုဒ် ၂ အပိုဒ်ခွဲ(င) ပါ ထောက်ပံ့ကြေးဟူသော စကားရပ်အစား အဓိပ္ပာယ်ပိုမိုပေါ်လွင်လေးနက်စေရန် ထောက်ပံ့စောင့်ရှောက်မှုဟူ၍ ပြင်ဆင်ပါသည်။ အလားတူ အပိုဒ် ၄၊ ၅၊ ၆၊ ၇၊ ၈၊ အခန်း(၃)နှင့် အခန်း(၄) ခေါင်းစဉ်တို့ကိုလည်း ဆက်လက်ပြင်ဆင်ပါသည်။

(ဃ) မူလဥပဒေကြမ်း၏ အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)တွင် "မသန်မစွမ်းမှု၊ သေဆုံးမှု၊ ကျဆုံးမှုမဖြစ်ပွားမီ"ဟူသော စကားရပ်ကို ဖြည့်စွက်ပြီး "ကျေနပ်လောက်အောင် တာဝန်ထမ်းဆောင်မှု"ဆိုသည်မှ တပ်မတော်အက်ဥပဒေကို လိုက်နာရသူတစ်ဦးသည် မသန်စွမ်းမှု၊ သေဆုံးမှု၊ ကျဆုံးမှုမဖြစ်ပွားမီ ၎င်း၏အကျင့်စာရိတ္တမှတ်တမ်းတွင် စစ်မှုထမ်းသက်သုံးနှစ်အတွင်း စစ်တရားရုံးတစ်ခုခုဖြင့် စစ်ဆေးစီရင်ခံရခြင်းမရှိသည့်အထိ တာဝန်ထမ်းဆောင်မှုကို ဆိုသည်ဟု ဖြည့်စွက်ပြင်ဆင်ပါသည်။

(င) မူလဥပဒေကြမ်း အခန်း(၂)၊ မသန်မစွမ်းမှု ထောက်ပံ့ကြေးခေါင်းစဉ်အား "မသန်စွမ်းသူများ အတွက် ထောက်ပံ့စောင့်ရှောက်မှု"ဟူ၍ အဓိပ္ပာယ်ပိုမိုလေးနက်ပေါ်လွင်စေရန် ပြင်ဆင်ပါသည်။

(စ) မူလဥပဒေကြမ်း အခန်း(၃)၊ အပိုဒ် ၅ ကို ဥပဒေရေးထုံးနှင့် ညီညွတ်စေရန် "သေဆုံးသူသို့မဟုတ် ကျဆုံးသူတစ်ဦးသည် တပ်မတော်တွင် ကျေနပ်လောက်အောင် တာဝန်ထမ်းဆောင်ခဲ့သည်ဟု အခွင့်ရအာဏာပိုင်ကသော်လည်းကောင်း၊ အခွင့်ရအာဏာပိုင်က အာဏာအပ်နှင်းထားသည့် အဖွဲ့ကသော်လည်းကောင်း သတ်မှတ်ခြင်းခံရပါက ယင်း၏

မှတ်တမ်းဝင်အမွေခံဇနီး သို့မဟုတ် ခင်ပွန်း သို့မဟုတ် သားသမီးသည် ထောက်ပံ့စောင့်ရှောက်မှုကို ခံစားခွင့်ရှိသည်”ဟူ၍ ပြင်ဆင်ဖြည့်စွက်ခဲ့ပါသည်။

(ဆ) မူလဥပဒေကြမ်း အခန်း(၄) အပိုဒ် ၆ ကို ဥပဒေရေးထုံးနှင့် ညီညွတ်ပြီး အဓိပ္ပာယ်ကျစ်လစ်စေရန်“ဤဥပဒေ ပုဒ်မ ၄ သို့မဟုတ် ပုဒ်မ ၅ အရ ထောက်ပံ့စောင့်ရှောက်မှု ခံစားခွင့်ရှိသူသည် တည်ဆဲဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး ထောင်ဒဏ် ၃ နှစ်နှင့်အထက် ချမှတ်ခံရပါက ထောက်ပံ့စောင့်ရှောက်မှုခံစားခွင့်မရှိစေရ”ဟု ပြင်ဆင်ဖြည့်စွက်ခဲ့ပါသည်။

၇။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ နှင့်အညီ စိစစ်ခဲ့ပြီး နည်းဥပဒေ ၄၅ နှင့်အညီ အတည်ပြုဆုံးဖြတ်နိုင်ရေးအတွက် လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။(သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မသန်မစွမ်းဖြစ်သွားသောတပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသောတပ်မတော်သားများ၏မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၆ အရ မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသွားသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာပါမယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၆၊ ၁၅၇ တို့နှင့်အညီ ဒီ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေး လိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်းရဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျ ဖော်ပြ၍ ၈-၃-၂၀၁၂ ရက်နေ့(ကြာသပတေးနေ့)၁၃း၀၀ နာရီ အချိန်နောက်ဆုံးထားပြီး ပြည်သူ့ လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။

## ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌမှတာဝန်ပေးအပ်သူက အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာစတင် တင်သွင်းဆွေးနွေးပြီး အတည်ပြုချက်ဖြင့်ပေးပို့ခဲ့တဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း ၁၇-၂-၂၀၁၂ ရက်နေ့မှာ လွှတ်တော်သို့ တင်ပြခဲ့ပြီး ကိုယ်စားလှယ်များထံ ဥပဒေကြမ်းမိတ္တူများကိုလည်း တစ်ပါတည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥပဒေကြမ်းကော်မတီကိုယ်စား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကြမ်း စိစစ်တွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်-

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုကာ ရည်ညွှန်းပါစာဖြင့် ပြည်သူ့လွှတ်တော်သို့ ပေးပို့လာခဲ့ပါသည်။

၂။ အဆိုပါ ဥပဒေကြမ်းတွင် အခန်းပေါင်း ၅ ခန်း၊ ပုဒ်မပေါင်း၂၀ ခု ပါဝင်ပြီး အမျိုးသားလွှတ်တော်မှ ဥပဒေကြမ်း၏ ခေါင်းစီးနှင့် ပုဒ်မ ၆၊ ပုဒ်မ ၁၈ တို့ကို ပြင်ဆင်ဖြည့်စွက်ခဲ့ပါသည်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေဖြင့် ဥပဒေကြမ်းများအား စိစစ်ရာတွင် အခြေခံရမည့်မူ ၁၂ ချက်ဖြင့် အသေးစိတ်လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်များကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

(က) အမျိုးသားလွှတ်တော်မှ ဥပဒေ၏ ခေါင်းစီးအား ဥပဒေရေးထုံးနှင့် ညီညွတ်မှုရှိစေရန် ပြင်ဆင်ထားကြောင်း တွေ့ရှိရပါသည်။

(ခ) အခန်း(၃) ပုဒ်မ ၆ တွင် အမျိုးသားလွှတ်တော်မှ ''ဖွဲ့စည်းထားသော ကော်မရှင်၏ ရာထူးသက်တမ်းသည် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းနှင့်အညီ ငါးနှစ် ဖြစ်သည်'' ဟူသောစကားရပ်အစား '' ဖွဲ့စည်းထားသော ကော်မရှင်၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်'' ဟူသောစကားရပ်ဖြင့် အစားထိုးပြင်ဆင်ခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅ ပုဒ်မခွဲ(က)ပါ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့၏ ရာထူးသက်တမ်းများနှင့် ညီညွတ်မှု ရှိစေရန် ပြင်ဆင် ထားရှိကြောင်း တွေ့ရှိရပါသည်။

(ဂ) အမျိုးသားလွှတ်တော်မှ အခန်း(၅) ပုဒ်မ ၁၈ ၌ မူလပြဋ္ဌာန်းချက်အပြင် ''စည်းမျဉ်း သို့မဟုတ် စည်းကမ်း'' ဟူသောစကားရပ်အား ထပ်မံဖြည့်စွက်ထားခြင်းမှာ ဥပဒေ ရေးထုံးနှင့် ညီညွတ်မှုရှိစေရန် ပြင်ဆင်ထားကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ အသစ်ရေးဆွဲထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကြမ်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို အလေးထားပြီး ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်း၊ နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှုရှိခြင်းတို့ကြောင့် အမျိုးသားလွှတ်တော်မှ အတည်ပြု ခဲ့သည့်အတိုင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ သဘောတူပါကြောင်း ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၅ နှင့်အညီ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်မှအတည်ပြုချက်ဖြင့်ပေးပို့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍အတည်ပြုရန် ပြည်သူ့လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၁၄ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် အသိပေးတင်ပြခဲ့သည့် အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့ခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကြမ်းကို ဆွေးနွေးအတည်ပြုခြင်း ဆက်လက်ဆောင်ရွက်ပါမယ်။ ဒီလို ဆွေးနွေးရာမှာ

ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ခေါင်းစဉ်၊ နိဒါန်းမှအစ ဥပဒေကြမ်းတစ်ရပ်လုံး ပါဝင်မှာ ဖြစ်ပါတယ်။ ယခုစတင်ဆွေးနွေးပါမယ်။ မူလပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကိုယ်စားလှယ်များရဲ့ရှေ့မှောက်မှာရှိတဲ့အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းမတိုင်မီ မူလဥပဒေပါရှိပါတယ်။ ဒီဥပဒေမှာ နိဒါန်း၊ အခန်း(၁) အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်၊ အပိုဒ် ၁၊ အပိုဒ် ၂ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ် (၁)၊ (၂)၊ (၃)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဇ) အပိုဒ်ခွဲငယ် (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ အပိုဒ်ခွဲ(ဈ)၊ အပိုဒ်ခွဲ(ည)။ အခန်း(၂) ဖွဲ့စည်းခြင်း၊ ခန့်အပ်တာဝန်ပေးအပ်ခြင်းနှင့် အရည်အချင်းများ၊ ဖွဲ့စည်းခြင်း၊ ခန့်အပ်တာဝန်ပေးအပ်ခြင်း။ အပိုဒ် ၃၊ အပိုဒ် ၄၊ အရည်အချင်း အပိုဒ် ၅ အပိုဒ်ခွဲ(က)၊ (ခ )၊ (ဂ) အပိုဒ်ခွဲငယ်(၁)၊ (၂)၊ (၃)၊ (၄)၊ အပိုဒ်ခွဲ(ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)။ အခန်း(၃) ကော်မရှင်၏ရာထူးသက်တမ်း၊ ရာထူးမှနုတ်ထွက်ခြင်း၊ စွပ်စွဲပြစ်တင်ခြင်းနှင့် လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်း၊ ရာထူးသက်တမ်းအပိုဒ် ၆ ရာထူးမှနုတ်ထွက်ခြင်း၊ အပိုဒ် ၇ အပိုဒ်ခွဲ(က)၊ (ခ)စွပ်စွဲပြစ်တင်ခြင်း၊ အပိုဒ် ၈ လစ်လပ်ရာထူးနေရာ ဖြည့်စွက်ခန့်ထားခြင်း၊ အပိုဒ် ၉။ အခန်း(၄)တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ အပိုဒ် ၁၀ အပိုဒ်ခွဲ(က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ) (ဈ)၊ (ည)၊(ဋ)၊(ဌ)၊(ဍ)၊ အပိုဒ် ၁၁ (က)၊(ခ)၊(ဂ)။ အခန်း(၅) အထွေထွေအပိုဒ် ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀ အဖြစ်ပါဝင်ခဲ့ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကြမ်း မူလပြဋ္ဌာန်းချက်နှင့် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်အတည်ပြုဇယားလည်း ပူးတွဲပါရှိပါတယ်။ ဒီနေရာမှာ အမှတ်စဉ် ၁ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်ရှိပါတယ်။ ဖော်ပြထားတဲ့အတိုင်း ဖြစ်ပါတယ်။ အမှတ်စဉ် ၂ အခန်း(၃) အပိုဒ် ၆ ကိုလည်း အမျိုးသားလွှတ်တော်က ပြင်ဆင်အတည် ပြုချက်ရှိပါတယ်။ ဖွဲ့စည်းထားသောကော်မရှင်၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။ သို့ရာတွင် သက်တမ်းကုန်ဆုံးပြီးဖြစ်သော်လည်း လက်ရှိတာဝန်ထမ်း ဆောင်လျက်ရှိသော ကော်မရှင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက ကော်မရှင် အသစ်တစ်ရပ်ဖွဲ့စည်းပြီးသည့်အချိန်အထိ မိမိလုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်ဟု အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့ပါတယ်။ အမှတ်စဉ် ၃ အခန်း(၅) ပုဒ်မ ၁၈ မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်အနေဖြင့် ကော်မရှင်သည် ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းသို့မဟုတ် စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို

ထုတ်ပြန်နိုင်သည်ဆိုပြီး ပြင်ဆင်အတည်ပြုခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်သို့ ရောက်ရှိတဲ့ အခါမှာလည်း ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနဲ့ အဖွဲ့များကအမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်များကို ပိုမိုထင်ရှားအောင်ထပ်ဆင့်အတည်ပြုခဲ့ပါတယ်။ ဇယားပါအစီအစဉ် ၁၊ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်၊ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက် အတိုင်းထားရှိသည်။ အမှတ်စဉ် ၂၊ အခန်း(၃) အပိုဒ် ၆ မှာလည်း ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အနေဖြင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်းထားရှိသည်။ အမှန်ကတော့ ပြင်ဆင်ချက်မဟုတ်ပါဘူး။ အတည်ပြုတာကို ပေါ်လွင်အောင် ဖော်ပြခြင်းဖြစ်ပါတယ်။ အမှတ်စဉ် ၃ က ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ပြီး ဖြစ်ပါတယ်။ အမှတ်စဉ် ၄ အခန်း (၅) ပုဒ်မ ၁၈ က ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်အနေနဲ့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက် အတိုင်း ထားရှိပါတယ်။ အမှန်ကတော့ ပြင်ဆင်ချက်မဟုတ်ပါဘူး။ ထင်ရှားအောင် ဖော်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကြမ်းအား ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မူလပြဋ္ဌာန်းချက်အပေါ် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်နှင့် ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုချက်ဟာ တစ်ထပ်တည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တင်ပြခဲ့တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တင်ပြထားတဲ့ နိဒါန်း အခန်း(၁)၊ အခန်း(၂)၊ အခန်း(၃)၊ အခန်း(၄)၊ အခန်း(၅)မှာပါရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲငယ်များသည် အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်က ပြင်ဆင်ထားတဲ့အတိုင်း အတည်ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တင်ပြခဲ့တဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ရဲ့ သဘောထားသိလိုပါတယ်။

**ဦးသာဦး(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခု လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာနေလင်းတင်ပြထားတဲ့ ပါတီတစ်ခုမှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ရွေးကောက်ခံရပြီးသည့်နောက်မှ အခြားပါတီတစ်ခုသို့ ပြောင်းရွှေ့ခြင်းနှင့်ပတ်သက်၍ စိစစ်ဆုံးဖြတ်မှုပေးရန်ဆိုသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်စာပိုဒ်အသစ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေမှာ ပြင်ဆင်ဖြည့်စွက်မယ့်အစား လွှတ်တော်ရွေးကောက်ပွဲဥပဒေများ သို့မဟုတ်

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေများမှာ ပြင်ဆင်ဖြည့်စွက်ပါက ပိုမိုသင့်လျော်မည်ဟု ယူဆပါကြောင်း တင်ပြပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒါကြောင့် ယခုကျွန်တော်တို့ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်ရှိပါတယ်။ ခုနက ကျွန်တော်တင်ပြတဲ့အတိုင်းပဲ ပြည်သူ့လွှတ်တော်ကလည်း ဒါနဲ့ တစ်ထပ်တည်းပဲ ပြင်ဆင်အတည်ပြုချက်ဖြစ်ပါတယ်။ ဒီပေါ် သက်ဆိုင်ရာပြည်ထောင်စုကိုယ်စားလှယ်က သီးခြားအရင်တင်ပြခဲ့တဲ့ ဒေါက်တာနေလင်းကိစ္စကိုတော့ မှတ်သားထားပြီးတော့ သက်ဆိုင်ရာလိုအပ်တဲ့ဥပဒေမှာ ပြင်ဆင်ဖို့ဆိုတဲ့သဘောဟာ မှန်ပါသလား။ မှန်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခု သက်ဆိုင်ရာပြည်ထောင်စုကိုယ်စားလှယ်ရဲ့ တင်ပြခြင်းဟာ ဒီဥပဒေအတည်ပြုပြဋ္ဌာန်းခြင်းနဲ့မဆိုင်ဘဲနဲ့ သီးခြားဆောင်ရွက်ရမည့်ကိစ္စဖြစ်ကြောင်း ပြန်လည်တင်ပြခြင်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီနှင့်လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများပြုလုပ်ပြီးဖြစ်သည်ဟုမှတ်ယူရမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော ပြည်ထောင်စုရွေးကော်ပွဲကော်မရှင်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေးဒသမနေ့ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော်တတိယပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၁၂ ခုနှစ်၊ မတ်လ ၈ ရက်နေ့ ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၄း ၂၅ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ၁၄း၂၅ နာရီတွင် ရပ်နားပါသည်။]